## (၂၆-၃-၂၀၂၁) မှ (၁-၄-၂၀၂၁) အထိ ရွှေနှင့်အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ လေ့လာသုံးသပ်တင်ပြခြင်း

၁။ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၂၇ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မတ်လ ၃၁ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၈၀ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရွှေဈေးသည်လည်း မတ်လ ၂၅ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃၈၆၀၀၀ ကျပ်ပေါက်ဈေးရှိခဲ့ရာမှ မြန်မာ့နိုင်ငံရေး အခြေအနေကြောင့် အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပြီး မတ်လ ၃၁ ရက်နေ့တွင် ၁၃၇၆၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၃.၂၀၂၁ | ၁၃၇၁၀၀၀ | ၁၇၅၁ |
| ၂ | ၂.၃.၂၀၂၁ | ၁၃၆၀၀၀၀ | ၁၇၃၈ |
| ၃ | ၄.၃.၂၀၂၁ | ၁၃၅၉၀၀၀ | ၁၇၁၅ |
| ၄ | ၅.၃.၂၀၂၁ | ၁၃၃၀၀၀၀ | ၁၆၉၇ |
| ၅ | ၆.၃.၂၀၂၁ | ၁၃၂၅၀၀၀ | ၁၇၀၁ |
| ၆ | ၈.၃.၂၀၂၁ | ၁၃၂၄၀၀၀ | ၁၇၀၇ |
| ၇ | ၉.၃.၂၀၂၁ | ၁၃၂၅၀၀၀ | ၁၆၈၃ |
| ၈ | ၁၀.၃.၂၀၂၁ | ၁၃၂၅၀၀၀ | ၁၇၁၃ |
| ၉ | ၁၁.၃.၂၀၂၁ | ၁၃၂၇၀၀၀ | ၁၇၂၆ |
| ၁၀ | ၁၂.၃.၂၀၂၁ | ၁၃၄၀၀၀၀ | ၁၇၂၉ |
| ၁၁ | ၁၅.၃.၂၀၂၁ | ၁၃၄၃၀၀၀ | ၁၇၃၁ |
| ၁၂ | ၁၆.၃.၂၀၂၁ | ၁၃၅၁၀၀၀ | ၁၇၃၃ |
| ၁၃ | ၁၇.၃.၂၀၂၁ | ၁၃၆၃၀၀၀ | ၁၇၃၆ |
| ၁၄ | ၁၈.၃.၂၀၂၁ | ၁၃၆၃၀၀၀ | ၁၇၄၉ |
| ၁၅ | ၁၉.၃.၂၀၂၁ | ၁၃၅၃၀၀၀ | ၁၇၄၂ |
| ၁၆ | ၂၂.၃.၂၀၂၁ | ၁၃၆၄၀၀၀ | ၁၇၄၁ |
| ၁၇ | ၂၃.၃.၂၀၂၁ | ၁၃၈၅၀၀၀ | ၁၇၃၆ |
| ၁၈ | ၂၄.၃.၂၀၂၁ | ၁၃၈၈၀၀၀ | ၁၇၃၂ |
| ၁၉ | ၂၅.၃.၂၀၂၁ | ၁၃၈၆၀၀၀ | ၁၇၂၇ |
| ၂၀ | ၃၀.၃.၂၀၂၁ | ၁၃၇၇၀၀၀ | ၁၇၂၀ |
| ၂၁ | ၃၁.၃.၂၀၂၁ | ၁၃၇၆၀၀၀ | ၁၆၈၀ |

Source: estimate of world's exchange rate and gold price page

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 4.60 %၊ Year on Year Inflation 0.97 % ရှိသည်ကို လေ့လာသိရှိရပါသည်။

၄။ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၅-၃-၂၀၂၁ | ၃၀-၃-၂၀၂၁ | ၃၁-၃-၂၀၂၁ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၄၅၆.၉ | ၁၄၄၈.၉ | ၁၄၆၉.၃ | ၀.၈၅ | ↑ |
| ၂ | Thai Baht | THB | ၃၁.၁၁၀ | ၃၁.၂၄၀ | ၄၆.၈၆၈ | ၅၀.၆၅ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၄၆ | ၁.၃၄၈ | ၁.၃၄၅ | -၀.၀၇ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၄၆ | ၄.၁၅၁ | ၄.၁၅၂ | ၀.၁၄ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၄၂၅ | ၁၄၄၈၀ | ၁၄၅၂၅ | ၀.၆၉ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၅၃၄ | ၆.၅၆၉ | ၆.၅၅၈ | ၀.၃၇ | ↑ |
| ၇ | Indian Rupee | INR | ၇၂.၆၃၄ | ၇၃.၂၃၆ | ၇၃.၃၇၃ | ၁.၀၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၉.၀၈၂ | ၁၁၀.၂၅၈ | ၁၁၀.၇၀၇ | ၁.၄၉ | ↑ |
| ၉ | Australian Dollar | AUD | ၁.၃၁၅ | ၁.၃၁၀ | ၁.၃၁၄ | -၀.၀၈ | ↓ |
| ၁၀ | Euro | EUR | ၀.၈၄၇ | ၀.၈၅၂ | ၀.၈၅၂ | ၀.၅၉ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၃၀ | ၀.၇၂၇ | ၀.၇၂၇ | -၀.၄၁ | ↓ |

Source- Central Bank of Myanmar

၅။ ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ်လ ၂၅ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၄၅၆.၉ ကျပ်ရှိခဲ့ရာမှ မတ်လ ၃၁ ရက်နေ့တွင် တစ်ဒေါ် လာလျှင် ၁၄၆၉.၃ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀.၈၅ % မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




၇။ ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ်၊ မတ်လ ၃၀ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၅၀ ကျပ်နှင့် မတ်လ ၂၃ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၅၅ ကျပ် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာ သိရှိရပါသည်။